နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၀)

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၁၉၉၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ခ) **ရုံးအကြီးအကဲ** ဆိုသည်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

အခန်း (၂)
ဖွဲ့စည်းခြင်း

၃။ ရန်ကုန်မြို့တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦး၊ အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။ လိုအပ်လျှင် အဖွဲ့ဝင်ဦးရေကို တိုးမြှင့်နိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

၄။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ပုဒ်မ ၃ အရ ကော်မတီကို ဖွဲ့စည်းရာတွင် ကော်မတီ၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၅။ ကော်မတီ၏ ဥက္ကဋ္ဌသည် ရန်ကုန်မြို့တော်ဝန်ဖြစ်သည်။

၆။ ရုံးအကြီးအကဲသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။

အခန်း (၃)
ကော်မတီ၏ လုပ်ငန်းတာဝန်များ

၇။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုရမည်။

(က) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့သစ်များတည်ထောင်ခြင်း၊

(ခ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေများကို စီမံခန့်ခွဲခြင်း၊

(ဂ) ရန်ကုန်မြို့တော်တွင် သင့်တင့်လျောက်ပတ်စွာ အခြေချနေထိုင်သင့်သည့် လူဦးရေကိုသာ နေထိုင်ခွင့်ပြုရန် သတ်မှတ်ခြင်း၊

(ဃ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊

(င) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်း၊

(စ) လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ယာဉ်နှင့် အနေးယာဉ်များသွားလာခြင်း၊ ရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဌ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဏ) လမ်းဘေးဈေးဆိုင်များနှင့် စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊

(တ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၈။ ကော်မတီသည် ပုဒ်မ ၇ ပါ လုပ်ငန်းတာဝန်များအပြင် ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများအရ သတ်မှတ်ထားသည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

အခန်း (၄)
ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၉။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင် သတ်မှတ်ခြင်း၊

(ခ) ကော်မတီပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိ ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင် သော အခွန်အခနှင့် အခွန်အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင် သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်း ဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေကို စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခွင့်ရှိခြင်း၊

(င) ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေးကို အထောက်အကူပြုသော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အစိုးရထံမှဖြစ်စေ၊ ပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ မိမိတာဝန်ဖြင့် ငွေချေး ယူပိုင်ခွင့်ရှိခြင်း၊ အထောက်အပံ့များ ရယူပိုင်ခွင့်ရှိခြင်း၊

(ဆ) လုပ်ငန်းများအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီ တိုးတက်သည့် နည်းလမ်းများ၊ စနစ်များကို စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

(ည) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၁၀။ တည်ဆဲ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေနှင့် အခြား တည်ဆဲဥပဒေတို့တွင် မည်သို့ပင်ပါရှိစေကာမူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့ပြစီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ မြို့သစ်များတည်ထောင်ခြင်း၊ မြို့မြေများကို စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များသည် ကော်မတီတွင် ရှိစေရမည်။

၁၁။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

အခန်း (၅)
ဘဏ္ဍာရေး

၁၂။ ကော်မတီသည် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင် မိမိ၏ဘဏ္ဍာရေးရာ ကိစ္စအဝဝကိုလည်း တာဝန်ယူရမည်။

၁၃။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် သင့်လျော်သလို ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မတီသည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။

၁၅။ ကော်မတီသည် ရုံးအကြီးအကဲက ရေးဆွဲတင်ပြလာသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကိုလည်းကောင်း၊ နှစ်စဉ် ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ပြီး ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ တင်ပြအစီရင်ခံရမည်။

အခန်း (၆)

ဝန်ထမ်းဖွဲ့စည်းပုံ

၁၆။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။

၁၇။ ကော်မတီသည် ပုဒ်မ ၁၆ အရ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲထားရှိရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည် -

(က) ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ခ) မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်းများ၊

(ဂ) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေး ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၁၈။ ကော်မတီသည် ဝန်ထမ်းများ ခန့်ထားရာတွင် -

(က) တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားပိုင်ခွင့်ရှိသည်၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၁၉။ ကော်မတီသည် ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

၂၀။ ရုံးအကြီးအကဲက ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ကော်မတီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေရမည်။

အခန်း (၇)
ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၂၁။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၂၂။ ကော်မတီသည် ရုံးအကြီးအကဲက ထိန်းသိမ်းထားရှိသည့် စာရင်းများကို စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

အခန်း (၈)
အထွေထွေ

၂၃။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို မိမိသဘောအလျောက်ဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏သဘောတူညီချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၂၄။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၂၅။ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက် စသည်တို့နှင့်စပ်လျဉ်း၍ ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုသည့် စည်ပင်သာယာရေးမှုခင်းများကို မြန်မြန်ဆန်ဆန် စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သင့်လျော်သည့် နေရာများတွင် တရားရုံးများဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ကော်မတီသည် တရားရုံးချုပ်နှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

၂၆။ ကော်မတီသည် ယခင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အဖွဲ့ပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၂၇။ ကော်မတီသည် အောက်ဖော်ပြပါ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များကို ဤဥပဒေ၏ ရည်ရွယ်ချက်၊ သဘောထားများနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးရမည် -

(က) စည်ပင်သာယာရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်ထားသော အမိန့်များ၊

(ခ) ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်များ။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ကော်မတီသည် -

(က) လိုအပ်သော နည်းဥပဒေများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။